**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**၆၅ ရက်မြောက်နေ့ အစီအစဉ်**

**[ ၁၆-၆-၂၀၁၅ ] (အင်္ဂါနေ့)**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၅ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုးစိုး၊ ထီးချိုင့် မဲဆန္ဒနယ်၏ **ထီးချိုင့်မြို့နယ်၊ ကြက်တကောင်ကျေးရွာ (၁၆)ရတင်ဆုံ ကိုယ့်အားကိုယ်ကိုး တိုက်နယ်ဆေးရုံ ဖွင့်လှစ်ရေး အတွက် ဖွဲ့စည်းပုံခွင့်ပြုမိန့် ကြန့်ကြာနေခြင်းမှာ မည်သည့်အတွက် ဖြစ်သည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးပိုက်လင်း၊ ပလက်ဝ မဲဆန္ဒနယ်၏ **ပလက်ဝမြို့နယ်၏ အရှေ့မြောက်ဘက် အိန္ဒိယနယ်စပ်ဒေသရှိ ပထိန်တလင် ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ **ကျောက်ဖြူမြို့၊ စံပြရပ်ကွက်၊ စေတီတောင်ရပ်ကွက်၊ ရခိုင်ပိုက်ဆိပ်(ဆားပြင်ကွင်း)ရပ်ကွက် တို့တွင် မိုးရေစီးဆင်းမည့်လမ်း မရှိ၍ သွေးလွန်တုပ်ကွေးရောဂါ နှင့် တွေ့ကြုံနေရသည်ကို သိရှိပါသလား၊ အိမ်ပိုင်ယာပိုင် မရှိကြသည့် လက်လုပ်လက်စားများအတွက် ရပ်ကွက်သစ်များ တိုးချဲ့ကာ မြေကွက်များ ချထားပေးရန်နှင့် တရားမဝင်သည့် နည်းလမ်းများဖြင့် လူသွားလမ်းများ၊ မိလ္လာလမ်းနှင့် အခြား မြေလွတ်များ အသုံးပြု နေခြင်းများကို မည်သည့်အချိန်တွင် မည်သို့ အရေးယူဆောင်ရွက်မည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **လှိုင်လင်မြို့နယ်ရှိ ပြိုကျ ပျက်စီးရန် အန္တရာယ်ရှိနေသည့် မြို့နယ်ခန်းမ အဆောက်အဦအား အသစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးသိန်းအောင်၊ သံဖြူဇရပ် မဲဆန္ဒနယ်၏ **သံဖြူဇရပ်မြို့နယ်၊ ဝါခရူကျေးရွာမြောက်ပိုင်းရှိ ထော်ပိုင်ချောင်းအား ပြန်လည် တူးဖော်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဦးရယ်၊ ဖရူဆို မဲဆန္ဒနယ်၏ **လွိုင်ကော်–မော်ချီး ပြည်ထောင်စု ကားလမ်းမကြီး ဘေးဝဲယာတစ်လျှောက် စည်းကမ်းမဲ့ စွန့်ပစ်ထားသော အမှိုက်များအား စနစ်တကျစွန့်ပစ်စေရေးအတွက် မည်သို့ စီမံ ဆောင်ရွက်ထားပြီး စည်းကမ်းလိုက်နာမှု မရှိသူများအား မည်သို့ အရေးယူဆောင်ရွက်မည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည် ပေးပို့သော **" အောက်မြန်မာ နိုင်ငံ မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည် ပေးပို့သော **“ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၅ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၆၆ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။